# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## ၁၁ ရက်မြောက်နေ့ အစီအစဉ်

## [၈-၁၁-၂၀၁၂ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသူရိန်ဇော်၊ ကော့ကရိတ် မဲဆန္ဒနယ်၏ ဘားအံ-ကော့ကရိတ်-မြဝတီကားလမ်းအား ယခု ဆောင်ရွက်နေမှု အခြေအနေနှင့် ထိုင်းနိုင်ငံ အကူအညီဖြင့် ဖောက်လုပ်ပေးမည့် မြဝတီ-ကော့ကရိတ် ကားလမ်းကြောင်းအသစ် ဖောက်လုပ်မည့် အခြေအနေတို့ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ ထန်းတပင်-လမုတန်း တဖက်ကမ်းကို ကုက္ကို၀ မြစ်ကူးတံတား သို့မဟုတ် ကြိုးတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ တမူးမြို့တွင်း၌ လျှပ်စစ် ဓါတ်အားလိုင်းတိုးချဲ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် နှင့်စပ်လျဉ်း သည့် မေးခွန်း။

(ဃ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ ရွှေကူမြို့နယ်၊ တောပုန်းကျေးရွာအုပ်စုသို့ လျှပ်စစ်မီး ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း။

(င) ဦးယုံဘီး၊ တနသ်ာရီ မဲဆန္ဒနယ်၏ တနသ်ာရီမြို့နယ်အတွင်း မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန်၊ ကွမ်းသီးစိုက်ပျိုးသော ဥယျာဉ်ခြံတောင်သူ

များအား သင့်လျော်သည့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း။

(စ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ မာန်အောင်ကျွန်း၏ အနောက်မြောက်ဘက်ရှိ ဖျိုင်းတောင်၊ ဘုန်းကြီးတောင်နှင့် ကြပ်တောင်ခြေရင်းများ၊ အနောက်တောင်ဘက်ရှိ ခမောင်တောင် နှင့် ပုလဲငူတောင်ခြေရင်းတို့၌ ဆည်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း။

၆။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်က နိုင်ငံတော် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန် အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်စီးပွားရေး ကဏ္ဍ (Leading Sector)အဖြစ်သတ်မှတ်၍ ယခုထက်အရှိန်အဟုန် မြှင့်တင်ပြီး ဘက်စုံကဏ္ဍစုံမှ တွန်းအားပေးဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်း ကြောင်း အဆိုတင်သွင်းခြင်းနှင့်လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၁၂ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။